# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၇/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၁) ရက်

| ၂၁- ၈- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၄၄၇.၅၅ |
| စင်ကာပူဒေါ်လာ | ၁၆၃၂.၄၆ |
| စတာလင်ပေါင် | ၂၈၂၇.၈၆ |
| ဂျပန်ယန်း (၁၀၀) | ၁၄၂၂.၇၆ |
| တရုတ်ယွမ် | ၂၉၂.၅၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၈၂ |
| အိန္ဒိယရူပီး | ၂၄.၁၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၂၈ |
| မလေးရှား ရင်းဂစ် | ၄၉၇.၂၂ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၈၂ |
| ထိုင်းဘတ် | ၆၄.၄၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျပန်အစိုးရမှ အရန်ဆန်များ ထုတ်ရောင်းပေးမှု ကျဆင်းလာသည့်အတွက် ဆန်စျေးနှုန်းများ ပြန်လည်မြင့်တက်လာလျက်ရှိ

➢ ဂျပန်နိုင်ငံတွင် ဗီယက်နမ်ငှက်ပျောသီးများမှာ ဖိလစ်ပိုင်ငှက်ပျောသီးများ၏ စျေးကွက်ဝေစုများကို ရယူလာလျက်ရှိ

➢ ဝန်ကြီးချုပ် မိုဒီသည် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် တံတိုင်းကဲ့သို့ ရပ်တည်မည်ဟု ကတိပြု

➢ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများသောကြောင့် အိန္ဒိယတွင် ဆန်စျေးသည် နှစ်ရက်အတွင်း ၁၄ ရာခိုင်နှုန်း မြင့်တက်

- **အထွေထွေသတင်းများ**

➢ အမေရိကန်အခွန်မှ ထိခိုက်မှုကို တန်ပြန်ရန် နိုင်ငံပေါင်း ၅၀ သို့ ပို့ကုန်စျေးကွက်ချဲ့ထွင်သွားမည့် အိန္ဒိယနိုင်ငံ

➢ ကော်လ်ကတ္တားဆိပ်ကမ်းသည် Khidderpore Docks တွင် ၎င်း၏ ပထမဆုံး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ဆိပ်ခံတံတားကို ဖွင့်လှစ်

➢ အိန္ဒိယသည် အမေရိကန်၏ မြင့်မားသောအခွန်စည်းကြပ်မှုများကို တုံ့ပြန်ရာတွင် ခက်ခဲသောရွေးချယ်မှုများနှင့် ရင်ဆိုင်နေရ

## ဂျပန်အစိုးရမှ အရန်ဆန်များ ထုတ်ရောင်းပေးမှု ကျဆင်းလာသည့်အတွက် ဆန်စျေးနှုန်းများ ပြန်လည်မြင့်တက်လာလျက်ရှိ

စျေးနှုန်းချိုသာသည့် အရန်ဆန်များကို ဂျပန်အစိုးရမှ ထုတ်ရောင်းပေးမှုမှာ ကျဆင်းလာသည့်အတွက် ဂျပန်နိုင်ငံ၏ စတိုင်းဆိုင်များတွင် ရောင်းချသည့် ဆန်စျေးနှုန်းများမှာ လွန်ခဲ့သည့်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ၁.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ရက်သတ္တ ၁၀ ပတ်အတွင်း ပထမဆုံးအကြိမ် မြင့်တက်ခဲ့ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ၅-၈-၂၀၂၅ ရက်နေ့ထုတ် The Asahi Shimbun သတင်းစာတွင် “Rice price edges up again as impact of reserve release fades” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် အခွန်ကျသင့်ငွေ ထည့်သွင်းတွက်ချက်ပြီးသည့် ဆန် ၅ ကီလိုဂရမ် ၁ အိတ်၏ ပျမ်းမျှစျေးနှုန်းမှာ ၂၁-၇-၂၀၂၅ ရက်နေ့မှ ၂၇-၇-၂၀၂၅ ရက်နေ့အထိ ရက်သတ္တ ၁ ပတ်တာကာလအတွင်း ၃,၆၂၅ ယန်း (အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာ) ရှိခဲ့ကြောင်းနှင့် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၄၀ ယန်း များပြားလာခဲ့ကြောင်း ဖော်ပြထားပါသည်။

အပတ်စဉ်ထုတ်ပြန်လျက်ရှိသည့် ဂျပန်နိုင်ငံ၏ ပျမ်းမျှဆန်စျေးနှုန်းမှာ ဂျပန်နိုင်ငံတစ်ဝန်းရှိ စတိုးဆိုင် ၁,၀၀၀ ကျော်တွင် လက်လီရောင်းချသည့် ဆန်စျေးနှုန်းများကို သုတေသနကုမ္ပဏီက ပျမ်းမျှတွက်ချက်၍ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ဂျပန်အစိုးရမှ အရန်ဆန်များ ထုတ်ရောင်းပေးမှု နှေးကွေးလာခြင်းကြောင့် ဂျပန်နိုင်ငံ၏ ဆန်စျေးနှုန်းများမှာ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ကြောင်းနှင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အမှတ်တံဆိပ်ပါရှိသည့် ဆန်များ၏ စျေးနှုန်းမှာ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၄,၂၄၇ ယန်း ရှိခဲ့ပြီး၊ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၁၇ ယန်း (၀.၄ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်းနှင့် ၂ ပတ်တာအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အစိုးရမှ ထုတ်ရောင်းပေးသည့် အရန်ဆန်များ အပါအဝင် စျေးနှုန်းချိုသာသည့် ဆန်များမှာမူ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၃,၁၃၃ ယန်း ရှိခဲ့ပြီး၊ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၄၅ ယန်း (၁.၅ ရာခိုင်နှုန်း) မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံရှိ ဆန်များအားလုံး၏ ပျမ်းမျှဆန်စျေးမှာ ၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး၊ ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၄,၂၈၅ ယန်းရှိခဲ့ကြောင်းနှင့် အဆိုပါ

ဈေးနှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂ ဆကျော် မြင့်တက်ခဲ့ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ယခင်က အစိုးရ၏ အရန်ဆန်များကို လေလံစနစ်ဖြင့် ရောင်းချပေးခဲ့ရာမှ နောက်ပိုင်းတွင် စတိုးဆိုင်များနှင့် လက်လီအရောင်းဆိုင်များထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ အစိုးရမှ ရောင်းချပေးခဲ့သည့် အရန်ဆန်များကို စတိုးဆိုင်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ မေလမှ စတင်၍ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၂၀၀၀ ယန်းဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ဈေးနှုန်းချိုသာသည့် အရန်ဆန်များ ဈေးကွက်အတွင်း ဝင်ရောက်လာသည်နှင့်အမျှ ဆန်ဈေးနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ သို့သော် အရန်ဆန်များ ထုတ်ရောင်းပေးမှု နှေးကွေးလာခဲ့သည့် ဇူလိုင်လမှ စတင်၍ ဆန်ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းခြင်းမရှိဘဲ တန့်နေခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာအနေဖြင့် နိုင်ငံအတွင်း ဆန်ထုတ်လုပ်မှုမြင့်တင်နိုင်ရေးအတွက် ဆယ်စုပေါင်းများစွာ ကျင့်သုံးခဲ့သည့် ဆန်ထုတ်လုပ်မှုလျှော့ချရေးမူဝါဒကို ပြင်ဆင်ရန် ဆောင်ရွက်လျက် ရှိကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြုခြင်းနှင့် အကြီးစား စိုက်ပျိုးထုတ်လုပ်ခြင်းအပါအဝင် ဆန်အထွက်နှုန်းမြှင့်တင်နိုင်မည့် နည်းလမ်းများကို ချမှတ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အတူ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဆန်ဝယ်လိုအား ကျဆင်းလာနိုင်သည့်အတွက် အစိုးရအနေဖြင့် ဆန်ပိုလျှံမှုကို ကာကွယ်နိုင်ရေးနှင့် ဆန်ဈေးနှုန်း ပျက်ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက် ၁၉၇၀ ပြည့်နှစ်များတွင် စပါးစိုက်ဧက လျှော့ချရေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ မူဝါဒသည် စပါးစိုက်ပျိုးသည့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုအပေါ် ဆိုးကျိုး သက်ရောက်စေမှုကြောင့် ၂၀၁၈ ခုနှစ်တွင် ဖျက်သိမ်းခဲ့ကြောင်း၊ သို့သော် အစိုးရအနေဖြင့် စားသုံးရန်အတွက် ထုတ်လုပ်ခြင်းအစား တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်မည့် စပါးစိုက်တောင်သူများအပေါ် ထောက်ပံ့ကြေးများပေးခြင်း အပါအဝင် ဈေးကွက်အတွင်း ရောင်းချနိုင်သည့် ဆန်ပမာဏကို ထိန်းချုပ်ခြင်းဖြင့် အဆိုပါ မူဝါဒကို ဆက်လက်ပံ့ပိုးခဲ့ကြောင်း ဖော်ပြထားပါသည်။

**တင်ပြချက်**

ဂျပန်အစိုးရအနေဖြင့် ၁၉၇၀ ပြည့်နှစ်တွင် စပါးစိုက်ဧက လျှော့ချရေးမူဝါဒ (Acreage Reduction Policy) ကို ကျင့်သုံးခဲ့ပါသည်။ ထို့ပြင် ဆန်ဈေးနှုန်းမြင့်မားစေရေးမူဝါဒအရ နိုင်ငံအတွင်း ဆန်ထုတ်လုပ်မှု လျှော့ချစေရေးအတွက် ဆန်စပါးစိုက်ပျိုးသည့် လယ်သမားများကို အစိုးရမှ

Agribusiness & Trade

ထောက်ပံ့ကြေးများပေးကာပင် ဆောင်ရွက်ခဲ့ပါသည်။ နှစ်ပေါင်း ၅၀ ကျော်ကြာ ကျင့်သုံးခဲ့သည့် စပါးစိုက်ဧက လျှော့ချရေးမူဝါဒကြောင့် ဂျပန်နိုင်ငံရှိ စပါးစိုက်ဧက၏ ၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည့် အပြင် အဆိုပါ မူဝါဒကို အကောင်အထည်ဖော်ရန်အတွက် စိုက်ပျိုးဧက လျှော့ချရသည့် လယ်သမား များသို့ အစိုးရမှ ထောက်ပံ့ကြေးများ ပေးရသည့်အတွက် ပြည်သူ့ဘဏ္ဍာငွေများလည်း အများအပြား ကုန်ကျခဲ့ပါသည်။

ကိုဗစ်-၁၉ အလွန်ကာလတွင် ဂျပန်နိုင်ငံသို့ ခရီးသွားဧည့်သည်များ အများအပြား လာရောက် ခဲ့သည့်အတွက် ဆန်စားသုံးမှုမြင့်မားကာ ဆန်ဝယ်လိုအား မြင့်မားချိန်တွင် ဂျပန်နိုင်ငံ၌ အပူချိန်မြင့် မားကာ ဆန်အထွက်နှုန်း ကျဆင်းခဲ့သည့်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှမှုများ ဖြစ် ပေါ်ကာ နိုင်ငံအတွင်း ဆန်ပြတ်လပ်မှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ကြောင့် နိုင်ငံအတွင်း ဆန်ပြတ်လပ်မှုနှင့် ဆန်ဈေးနှုန်း အဆမတန်မြင့်တက်မှုကို ဖြေရှင်းနိုင်ရေးအတွက် အစိုးရမှ နိုင်ငံ့ အရန်ဆန်များကို ထုတ်ရောင်းပေးခဲ့သော်လည်း လက်ရှိအချိန်တွင် ဆန်ဈေးနှုန်းများ ဆက်လက်မြင့် တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

..........................................................................................................................

## ဂျပန်နိုင်ငံတွင် ဗီယက်နမ်ငှက်ပျောသီးများမှာ ဖိလစ်ပိုင်ငှက်ပျောသီးများ၏ ဈေးကွက်ဝေစုများကို ရယူလာလျက်ရှိ

ဂျပန်နိုင်ငံတွင် ဖိလစ်ပိုင်ငှက်ပျောသီးများ တင်သွင်းမှု ကျဆင်းလာသည့်အတွက် ဝယ်ယူသူ များအနေဖြင့် စတိုးဆိုင်များတွင် ဗီယက်နမ်ငှက်ပျောသီးများကို ပိုမိုဝယ်ယူလာလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ငှက်ပျောသီး ၃၃,၀၀၀ တန် တင်သွင်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တင်သွင်းခဲ့မှု၏ ၁၄ ဆနီးပါး များပြားခဲ့ကြောင်းနှင့် ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုမှာ လည်း စုစုပေါင်းတင်သွင်းမှု၏ ၀.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃.၂ ရာခိုင်နှုန်းအထိ များပြားခဲ့ကြောင်း ၉-၈-၂၀၂၅ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် “Vietnam takes bite out of Philippine bananas' market share in Japan” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ဗီယက်နမ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှုမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဆကျော် မြင့်တက်ခဲ့ကြောင်း၊ ဗီယက်နမ် ငှက်ပျောသီးများမှာ အရည်အသွေးကောင်းမွန်ပြီး၊ ဈေးနှုန်းချိုသာသည့်အတွက် ဂျပန်နိုင်ငံမှ ပိုမိုဝယ်ယူလာကြခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မက္ကဆီကိုနှင့် အီကွေဒေါအစရှိသည့် လက်တင်အမေရိကနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဂျပန်နိုင်ငံနှင့်ပိုမိုနီးကပ်စွာ တည်ရှိကြောင်း၊ ဂျပန်ဈေးကွက်တွင် ဗီယက်နမ်ငှက်ပျောသီးများသည် ဖိလစ်ပိုင်ငှက်ပျောသီးများ၏ ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်း သက်သာကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံမှ ဖိလစ်ပိုင်ငှက်ပျောသီးတင်သွင်းသူများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံရှိ ငှက်ပျောစိုက်ပျိုးထုတ်လုပ်သူများနှင့်ပူးပေါင်းကာ ဂျပန်ဈေးကွက်အတွင်း ဖိလစ်ပိုင်ငှက်ပျောသီး စဉ်ဆက်မပြတ်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၀ ပြည့်နှစ်အစောပိုင်းတွင် ဂျပန်ဈေးကွက်၏ ၉၀ ရာခိုင်နှုန်းနီးပါးကို နေရာယူနိုင်ခဲ့ကြောင်း၊ သို့သော် နောက်ပိုင်းတွင် အပင်ရောဂါများနှင့် ရာသီဥတုဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ငှက်ပျောထုတ်လုပ်မှုကျဆင်းခဲ့သည့် အပြင်လုပ်အားခများ များပြားလာခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားလာသည့်အတွက် ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း၊ သို့သော် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံသည် ဂျပန်နိုင်ငံ၏ ငှက်ပျောသီးအများဆုံးတင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ငှက်ပျောသီး စုစုပေါင်းတင်သွင်းမှု၏ ၇၅ ရာခိုင်နှုန်းကို ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း၊ သို့သော် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ငှက်ပျောသီးအရည်အသွေးကို ထိန်းထားနိုင်ခြင်းမရှိသည့်အတွက် ဂျပန်နိုင်ငံမှ တင်သွင်းသူများအနေဖြင့် ဖိလစ်ပိုင်ငှက်ပျောသီးများကို လျှော့ချတင်သွင်းလျက် ရှိကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးနှင့်ဘက်စုံတိုးတက်ရေး သဘောတူညီချက် (Comprehensive and Progressive Agreement for Trans-Pacific Partnership-CPTPP)၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့်အားလျော်စွာ ဂျပန်နိုင်ငံအနေဖြင့် ဗီယက်နမ်ငှက်ပျောသီးကို ၅.၄ ရာခိုင်နှုန်း အကောက်ခွန် ကောက်ခံလျက်ရှိကြောင်းနှင့် အဆိုပါ အကောက်ခွန်နှုန်းကို တစ်ဖြည်းဖြည်းလျှော့ချကာ ၂၀၂၈ ခုနှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ပြုသွားမည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံမှ တင်ပို့လာသည့် ငှက်ပျောသီးကို တင်ပို့လာသည့် ကာလအပေါ်မူတည်၍ ၈ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ အကောက်ခွန် ကောက်ခံ

Agribusiness & Trade

လျက်ရှိသည့်အတွက် ဈေးနှုန်းအရကြည့်မည်ဆိုပါက ဗီယက်နမ်ငှက်ပျောသီးများမှာ များစွာအားသာလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**တင်ပြချက်**

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဖိလစ်ပိုင်ငှက်ပျောသီး ၇၈၈,၄၅၃.၆၁၄ တန် တင်သွင်းခဲ့ပါသည်။ ဂျပန်နိုင်ငံမှ ငှက်ပျောသီးအများဆုံးတင်သွင်းခဲ့သည့် နိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံ (၇၆.၈၃%)၊ အီကွေဒေါနိုင်ငံ (၈.၃၉%)၊ မက္ကဆီကိုနိုင်ငံ (၆.၄၁%)နှင့် ဗီယက်နမ်နိုင်ငံ (၃.၂၅%) တို့ ဖြစ်ကြပါသည်။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း တင်သွင်းလာသည့် ငှက်ပျောသီးများကို တင်သွင်းသည့် ကာလအပေါ်မူတည်၍ အကောက်ခွန်ကောက်ခံလျက်ရှိပြီး၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အကြား ဂျပန်နိုင်ငံသို့ တင်သွင်းလာသည့် ဖိလစ်ပိုင်ငှက်ပျောသီးများအပေါ် ၈ ရာခိုင်နှုန်းနှင့် အောက်တိုဘာလ ၁ ရက်နေ့မှမတ်လ ၃၁ ရက်နေ့အကြား ဂျပန်နိုင်ငံသို့ တင်သွင်းလာသည့် ဖိလစ်ပိုင်ငှက်ပျောသီးများအပေါ် ၁၈ ရာခိုင်နှုန်း အကောက်ခွန် ကောက်ခံလျက် ရှိပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

---

**ဝန်ကြီးချုပ် မိုဒီသည် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်**
**တံတိုင်းကဲ့သို့ ရပ်တည်မည်ဟု ကတိပြု**

ဝန်ကြီးချုပ် နာရင်ဒြာမိုဒီက သောကြာနေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ၇၉ နှစ်မြောက်လွတ်လပ်ရေးနေ့၌ နိုင်ငံတော်ကို မိန့်ခွန်းပြောကြားစဉ် လယ်သမားများအကျိုးစီးပွားကို တံတိုင်းသဖွယ်မြင့်မားစွာရပ်တည်ကာကွယ်ပေးမည်ဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ခံတပ်နီ (Red Fort) ၏ ရှေ့တွင် ပြုလုပ်ခဲ့သည့် အဆိုပါ မှတ်ချက်သည် အမေရိကန်က အိန္ဒိယအား စိုက်ပျိုးရေးဈေးကွက်ဖွင့်ပေးရန် ဖိအားပေးနေစဉ်၊ ရုရှားရေနံဝယ်ယူမှုအတွက် ဒဏ်ခတ်မှုဟုခေါ်ကြသော ထပ်ဆောင်းအခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ထားသည့် နောက်ခံအခြေအနေတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

မိုဒီက စီးပွားရေးဆန်ဆန် အတ္တကြီးသောခေတ်ကြီးတွင် မိမိရပ်တည်ချက်ကို ခိုင်မာစွာကာကွယ်ရန်အလေးပေးပြောကြားခဲ့ပြီး မိမိရပ်တည်ချက်ကို ခိုင်ခိုင်မာမာထိန်းသိမ်းနိုင်ပါက၊ ကမ္ဘာကြီး

က ကျွန်ုပ်တို့၏အင်အားကို အသိအမှတ်ပြုလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယနေ့ကမ္ဘာ့အခြေအနေမှာ စီးပွားရေးအရ တစ်ကိုယ်ကောင်းဆန်သည့်စိတ်က တစ်နေ့ထက်တစ်နေ့မြင့်တက်လာနေသည့် အချိန်တွင် မိမိတို့အနေနှင့် ထိုပြဿနာများကို ထိုင်ပြီး ငိုကြွေးနေမည့်အစား ယခုအချိန်အတွက် လိုအပ်သည့်လမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိန္ဒိယ ကုန်ပစ္စည်းများအပေါ် ထပ်တိုးစည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းနှင့် ရုရှားရေနံတင်သွင်းမှုအတွက် ဒဏ်ငွေများ ချမှတ်ကြောင်း ကြေညာပြီးနောက် ဝန်ကြီးချုပ်၏ မှတ်ချက်များ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနကလည်း ပို့ကုန်လုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် သက်ဆိုင်သူအားလုံးနှင့် ဆွေးနွေးပြီး လယ်သမား၊ အလုပ်သမား၊ လုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ MSMEs နှင့် စက်မှုကဏ္ဍဆိုင်ရာ သက်ဆိုင်သူများ၏ အကျိုးစီးပွားကိုကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် ယင်းကိစ္စရပ်အပေါ် အကဲဖြတ်သည့် အချက်အလက်များကို စုဆောင်းလျက်ရှိကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် မတ်လတွင် အိန္ဒိယနှင့် အမေရိကန်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ် (BTA) အတွက် စတင်ဆွေးနွေးခဲ့ပြီး ပထမအဆင့် သဘောတူစာချုပ်ကို ၂၀၂၅ နို ဝင်ဘာ–အောက်တိုဘာလအတွင်း လက်မှတ်ထိုးမည်ဟု နှစ်နိုင်ငံလုံးက ကြေညာထားသည်။ ဆွေးနွေးပွဲများကို စတင်ခဲ့သည်။ ဆွေးနွေးပွဲများကို အိန္ဒိယနှင့် အမေရိကန်တို့တွင် ပြုလုပ်ခဲ့ပြီး virtual meetings များလည်း ပြုလုပ်ခဲ့ကြောင်း၊ ဗုဒ္ဓဟူးနေ့တွင် ၎င်း၏ ထုတ်ပြန်ချက်တွင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အမေရိကန်သမ္မတ၏ နှစ်နိုင်ငံကုန်သွယ်မှုအပေါ် ကြေညာချက်ကိုမှတ်သားထားပြီး အစိုးရက ၎င်း၏အကျိုးဆက်များကို လေ့လာနေသည်ဟု ပြောကြားထားသည်။

အမေရိကန်ဘက်မှ တောင်းဆိုသည့် စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းဈေးကွက် ဖွင့်ပေးရန် အိန္ဒိယဘက်မှ သဘောမတူမှုအချို့ ရှိနေကြောင်း၊ စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍတို့သည် အိန္ဒိယပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ထောက်ပံ့ပေးနေသဖြင့် အလွန်အရေးကြီးကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်နှင့် ကုန်သွယ်ရေးလိုငွေပြနေသည့် နိုင်ငံပေါင်းများစွာအပေါ် အပြန်အလှန်စည်းကြပ်ခွန်များ ချမှတ်ခဲ့ကြောင်း၊ ၎င်း၏ ဒုတိယသက်တမ်း တာဝန်ယူချိန်မှစ၍ သမ္မတထရမ့်သည် အခွန်အပြန်အလှန် သဘောထားကို ထပ်မံအတည်ပြုပြောကြားခဲ့ပြီး ၎င်း၏ အရေးပါမှုကို အလေးပေးလိုက်နာလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍများကို ဖွင့်ပေးရန်တောင်းဆိုမှုနှင့်ပတ်သက်၍ အိန္ဒိယဘက်က သဘောထားတင်းမာမှုများ ရှိခဲ့ကြောင်းနှင့် စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍနှစ်ခုစလုံးသည် အိန္ဒိယနိုင်ငံအတွက် အလွန်အရေးကြီးပြီး ၎င်းတို့က လူဦးရေ၏ အများစုအတွက် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ပေးစွမ်းနေသည့် ကဏ္ဍဖြစ်ကြောင်းသိရှိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကုန်သွယ်ရေးလိုငွေပြနေသည့်နိုင်ငံများစွာအပေါ် အပြန်အလှန်အခွန်အကောက်များချမှတ်ခဲ့ပြီး ၎င်း၏ ဒုတိယ သက်တမ်းအတွက် ရာထူးကိုစတင်တာဝန်ယူပြီးနောက် သမ္မတထရမ့်က "မျှတသော ကုန်သွယ်ရေးကို အာမခံနိုင်ရန် "အိန္ဒိယအပါအဝင် အခြားနိုင်ငံများကချမှတ်ထားသော အခွန်အကောက်များနှင့် တူညီသော အခွန်အကောက်များကို အမေရိကန်ပြည်ထောင်စုက တုံ့ပြန်ကောက်ခံမည်ဟု ၎င်း၏ ရပ်တည်ချက်ကို ထပ်လောင်း ပြောကြားခဲ့သည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: PM Modi vows to stand like a wall to protect interests of farmers from any unfriendly policies, The Economic Times, August 15, 2025.

..........................................................................................................

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများသောကြောင့် အိန္ဒိယတွင် ဆန်ဈေးသည် နှစ်ရက်အတွင်း ၁၄ ရာခိုင်နှုန်း မြင့်တက်

ဘင်္ဂလားဒေ့ရှ်သို့ ဆန်အမြောက်အမြား တင်ပို့နေသည့် ကုန်သည်ကြီးများ၏ လှုပ်ရှားမှုကြောင့် အိန္ဒိယပြည်တွင်းဆန်ဈေးနှုန်းများ ၂ ရက်အတွင်း ၁၄% အထိ ရုတ်တရက် မြင့်တက်သွားခဲ့ကြောင်းသိရှိရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ဆန်တန်ချိန် ငါးသိန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသောကြောင့် ယင်းသို့ပြည်တွင်းဈေးကွက် ကမောက်ကမဖြစ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အနောက်ဘင်္ဂလားပြည်နယ်၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၊ အိန္ဒိယတောင်ပိုင်းမှ ကုန်သည်များသည် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆန်တင်သွင်းခွန် ၂၀ ရာခိုင်နှုန်း ယာယီဖြေလျှော့မည့် အစီအစဉ်ကို ကြိုတင်သတင်းရရှိထားပြီး Petrapole နယ်စပ် (အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နယ်စပ်) အနီးရှိ ၎င်းတို့၏ ကုန်လှောင်ရုံများတွင် ကုန်စည်များကို အဆင်သင့်ထားရှိထားကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်

အစိုးရ၏ သွင်းကုန်ခွန် ဖယ်ရှားမှုနှင့်ပတ်သက်၍ တရားဝင်ကြေငြာချက်ကို ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စားသုံးသူဈေးကွက်တွင် Swarna အမျိုးအစား ဆန်သည် တစ်ကီလိုလျှင် ၃၄ ရူပီးမှ ၃၈ ရူပီးအထိ မြင့်တက်ခဲ့ပြီး Miniket အမျိုးအစားမှာ တစ်ကီလိုလျှင် ၄၈ ရူပီးမှ ၅၅ ရူပီးအထိ တက်သွားကာ Ratna အမျိုးအစားသည် ယခင်က တစ်ကီလိုလျှင် ၃၆-၃၇ ရူပီးနှင့် နှိုင်းယှဉ်ပါက ရူပီး ၄၁-၄၂ ဖြင့် ရောင်းချနေကြောင်း သိရှိရသည်။ Sona Masoori မျိုးကွဲ ဆန်အမျိုးစား၏ ဈေးနှုန်းမှာလည်း ယခင်က တစ်ကီလိုလျှင် ၅၂ ရူပီး မှ ၅၆ ရူပီးအထိ မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ဆန်တင်ပို့ခြင်းနှင့် ဈေးကွက်ရှာဖွေရေးကုမ္ပဏီ RiceVilla ၏ CEO ဖြစ်သူ Suraj Agarwal က ဘင်္ဂလားဒေ့ရှ် အမျိုးသားအခွန်များ ဘုတ်အဖွဲ့သည် ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းတွင် သွင်းကုန်ခွန်ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး အိန္ဒိယနိုင်ငံမှ ထရပ်ကားများသည် ဗုဒ္ဓဟူးနေ့ညမှ စတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုများ စတင်ခဲ့ကြောင်း၊ Petrapole-Benapole နယ်စပ်မှတဆင့် ဆန်တင်ပို့ရာတွင် ကုန်စည်ပို့ဆောင်မှုနှင့် စရိတ်စကအရ ပိုမိုယှဉ်ပြိုင်နိုင်သောကြောင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်နှင့် အိန္ဒိယတောင်ပိုင်းမှဆန်စက်များသည် ကုန်းလမ်းမှ ဆန်တင်ပို့နေကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

Swarna ဆန်အမျိုးအစားကို အိန္ဒိယနိုင်ငံတစ်ဝှမ်းတွင် စားသုံးကြပြီး Miniket အမျိုးအစားဆန်သည် အိန္ဒိယအရှေ့ပိုင်းနှင့် အရှေ့မြောက်ပြည်နယ်များတွင် ရေပန်းစားသည်။ Ratna မျိုးစိတ်သည် အိန္ဒိယမြောက်ပိုင်းတွင် ရေပန်းစားသော်လည်း Sona Masoori သည် တောင်ပိုင်းပြည်နယ်များတွင် အများဆုံးစားသုံးကြောင်း သိရှိရသည်။

ဆန်တင်သွင်းခွန် ၂၀ ရာခိုင်နှုန်းကို ဖယ်ရှားရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆောင်ရွက်မှုသည် နိုင်ငံ၏ဈေးကွက်တည်ငြိမ်စေရန်နှင့် စားသုံးသူများအားငွေကြေးဖောင်းပွမှုမှ သက်သာရာရစေရေး ကူညီပေးရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်တွင်းဝယ်လိုအား ဖြည့်ဆည်းရန်အတွက် ဆန်တန်ချိန် ၁၃ သိန်း တင်သွင်းခဲ့ရပြီးနောက် ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်ဈေးနှုန်းသည် ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ဆန်တင်ပို့ရောင်းချသည့်ကုမ္ပဏီ Halder Venture Limited ၏ မန်နေဂျင်းဒါရိုက်တာ Keshab Kumar Halder က ကမ္ဘာ့ဆန်ဈေးကွက်တွင် ထုတ်လုပ်မှုပိုလျှံနေပြီး အိန္ဒိယနိုင်ငံတွင်

လည်း အစိုးရနှင့်ဂိုဒေါင်များတွင် လုံလောက်သော အရန်ဆန်စပါးများ ရှိနေပါကြောင်း၊ ထိုသို့သော အခြေအနေများကြောင့် ကမ္ဘာ့ဆန်စျေးနှုန်းများ ကျဆင်းလျက်ရှိရာ၊ ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူမှုများသည် အိန္ဒိယဆန်စျေးကွက်အား ဝယ်လိုအားဖန်တီးပေးပြီး ကမ္ဘာ့ပေါက်စျေးကို တစ်စိတ်တစ်ပိုင်းလိုက်လျောညီထွေဖြစ်အောင် ဖန်တီးခြင်းအားဖြင့် အိန္ဒိယစျေးကွက်ကို လတ်တလောကျဆင်းမှုကနေပြန်လည်နာလန်ထူလာရန် ကူညီပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆန်စျေးကွက် မူဝါဒအပြောင်းအလဲအပေါ်သတင်းလက်ဦးမှုရယူကာ စျေးကွက်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများအား သိရှိနိုင်ပါရန်နှင့် ယခုကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ပြုထားသည့်အချိန်တွင် မိမိနိုင်ငံမှလည်း ဆန်တင်ပို့မှုများ မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Rice prices in India jump 14% in two days as traders rush to Bangladesh, The Economic Times, August 14, 2025.

.........................................................................................................

## အမေရိကန်အခွန်မှ ထိခိုက်မှုကို တန်ပြန်ရန် နိုင်ငံပေါင်း ၅၀ သို့ ပို့ကုန်စျေးကွက်ချဲ့ထွင်သွားမည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုက ၅၀ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်မှု မြင့်တက်လာနေချိန်တွင် မည်သည့်စျေးကွက်တစ်ခုတည်းအပေါ်တွင်မဆို အားကိုးအားထားပြုခြင်းမှလျှော့ချရန်နှင့် ကုန်သွယ်မှုပြတ်တောက်မှုအန္တရာယ်များကို လျှော့ချရန်အတွက် အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများ အပါအဝင် နိုင်ငံ ၅၀ သို့ ပို့ကုန်စျေးကွက်ချဲ့ထွင်လျက်ရှိကြောင်း သိရသည်။ အဆိုပါနိုင်ငံ ၅၀ သည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုကြောင်း Economic Times က ယခုလ ၁၁ ရက်နေ့တွင် ဖော်ပြထားသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် "ကုန်ပစ္စည်းတစ်ခုချင်းအလိုက်" အခြေခံ ("product by product" basis) ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ "ရည်ရွယ်ချက်က

တော့ ထိပ်တန်းနိုင်ငံ ၅၀ ကို ပန်းတိုင်ရည်မှန်းချက်ထားပြီး ကုန်ပစ္စည်းတစ်ခုချင်းစီနဲ့ အိန္ဒိယနိုင်ငံရဲ့ ပြိုင်ဘက်တွေကို လေ့လာပြီး အန္တရာယ်တွေကို လျှော့ချဖို့နဲ့ ထုတ်လုပ်မှုနဲ့ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ဖို့ပါပဲ" ဟု အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အခြားဈေးကွက်များကို ရှာဖွေနိုင်ဖို့ အဆိုပါလုပ်ငန်းစဉ်ကို ပို့ကုန်မြှင့်တင်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံ၏ ကုန်စည်ပို့ကုန်သည် ပြီးခဲ့သည့်ဇွန်လတွင် အမေရိကန် ဒေါ်လာ ၃၅ ဒသမ ၁၄ ဘီလီယံတွင် တည်ငြိမ်နေခဲ့သောကြောင့် ယင်းအချက်သည် အရေးကြီးသည်ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံမှ တင်သွင်းကုန်များအပေါ် အခွန်နှုန်းထားကို ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးမြှင့်ခဲ့ရာ၊ ၎င်းသည် မည်သည့်နိုင်ငံအပေါ်တွင်မဆို ထားရှိသည့် အကောက်ခွန်များထက် အမြင့်ဆုံးအနေအထားဖြစ်ပြီး ဘရာဇီးနိုင်ငံနှင့် တန်းတူဖြစ်ကာ ကုန်သွယ်ရေးတင်းမာမှုများ မြင့်တက်လာမှုကို ပြသသည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း သိရသည်။ ကနဦး ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုသည် ပြီးခဲ့သည့် သီတင်းပတ်က စတင်အသက်ဝင်ခဲ့သော်လည်း နောက်ထပ် ၂၅ ရာခိုင်နှုန်းသည် ယခုလ ၂၇ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ရေထွက်ကုန်များ၊ အထည်အလိပ်များ၊ သားရေများ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများ ကဲ့သို့သော ကဏ္ဍများသည် အဆိုပါအခွန်များကြောင့် ပြင်းထန်စွာ ထိခိုက်နိုင်သည်ဟု မျှော်မှန်းရကြောင်း၊ စိုးရိမ်စရာကောင်းသည်မှာ တူရကီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများသည် ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်း စသည့် သိသိသာသာ နိမ့်ကျသောအခွန်နှုန်းထား အသီးသီးနှင့် ရင်ဆိုင်နေရပြီး အိန္ဒိယထုတ်ကုန်များကို အမေရိကန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း နည်းပါးစေကြောင်း တွေ့ရှိရသည်။

ဇဟိုအစိုးရအနေဖြင့် ပို့ကုန်များကို အမေရိကန်ပြည်ထောင်စု၏ အခွန်အကောက်အသစ်များ၏ ထိခိုက်မှုမှကာကွယ်ရန် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၎င်းတွင် ထိခိုက်ခံရသော ကဏ္ဍများအတွက် အဆိုပြုထားသော ပို့ကုန်မြှင့်တင်ရေးစီမံချက်အောက်တွင် လိုအပ်သလို ပြုပြင်ပြောင်းလဲထားသော အစီအစဉ်များပေးအပ်ခြင်း၊ ကုန်စည်များကို အခြားဒေသများသို့ လမ်းကြောင်းပြောင်းခြင်းနှင့် ပို့ကုန်အမှာစာ နည်းပါးသော ကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းရန် လမ်းကြောင်းပြောင်းနိုင်မည့် ကုန်ပစ္စည်းများကို ဖော်ထုတ်ခြင်းတို့

ပါဝင်ကြောင်း တွေ့ရှိရသည်။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပို့ကုန်တိုးမြှင့်ရန် နိုင်ငံ ၂၀ ကို ရည်မှန်းချက်ထားပြီးသားဖြစ်ရာ ယခုအခါ မဟာဗျူဟာအသစ်တွင် နောက်ထပ် နိုင်ငံ ၃၀ ကို ထပ်မံထည့်သွင်းခဲ့ပြီး စုစုပေါင်း ၅၀ အထိ ဖြစ်လာခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံ၏ ပို့ကုန်မဟာဗျူဟာကဲ့သို့ ဈေးကွက်တစ်ခုတည်းအပေါ် မှီခိုအားထားမှုပြုခြင်းထက် ဈေးကွက်များစွာသို့ ဖြန့်ခွဲ၍ တင်ပို့ဆောင်ရွက်သင့်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, Export Outreach Widened to 50 Countries to Negate US Tariff Hit, Aug 11, 2025.

.............................................................................................................

## ကော်လ်ကတ္တားဆိပ်ကမ်းသည် Khidderpore Docks တွင် ၎င်း၏ ပထမဆုံး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ဆိပ်ခံတံတားကို ဖွင့်လှစ်

ကော်လ်ကတ္တားဆိပ်ကမ်းသည် Khidderpore Docks တွင် ၎င်း၏ ပထမဆုံး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ဆိပ်ခံတံတားကို ယခုလ ၁၆ ရက် (စနေနေ့) က ဖွင့်လှစ်ခဲ့ပြီး သမိုင်းဝင် ဆိပ်ကမ်းစနစ်၏ အသွင်ပြောင်းလဲမှုတွင် အရွေ့တစ်ခုကို ဖော်ပြနေကြောင်း Infra-Economic Times က ယခုလ ၁၇ ရက်နေ့က ဖော်ပြသည်။

Century Ports Ltd မှ ရူပီး ၁၉၀ ကုဋေ ကုန်ကျစရိတ်ဖြင့် တာဝန်ယူတည်ဆောက်ခဲ့သော Terminal ကို Syama Prasad Mookerjee Port, Kolkata (SMPK) က တရားဝင် လုပ်ကိုင်ခွင့်ချထား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွေ့လျားဝန်ချီစက်တစ်ခု (Mobile harbour crane)၊ ကုန်တင်လှေ ကုန်ချစက်တစ်ခု (Barge unloader)၊ ခေတ်မီကွင်းပြင်သုံး ပစ္စည်းကိရိယာများနှင့် အဆင့်မြင့် ဆိပ်ခံတံတားလုပ်ငန်း လည်ပတ်မှုစနစ် (Advanced terminal operating system-TOS) တို့ တပ်ဆင်ထားသည့် အဆိုပါအဆောက်အအုံသည် ကနဦး ကွန်တိန်နာ TEU (ပေ ၂၀ ညီမျှယူနစ်) ၁ ဒသမ ၆၅ သိန်းနှင့် အခြားကုန်စည် တန်ချိန် ၃ ဒသမ ၃ သိန်းကို ကိုင်တွယ်နိုင်စွမ်းရှိကြောင်း တွေ့ရှိရသည်။

"Khidderpore Docks ရှိ ပထမဆုံး PPP ဆိပ်ခံတံတားအား ဖွင့်လှစ်နိုင်ခြင်းသည် ကုန်စည်ကိုင်တွယ်မှု တိုးမြှင့်ခြင်းအတွက် လမ်းခင်းပေးပြီး ဆိပ်ကမ်းရှိ အခြားဆိပ်ခံတံတားများ ခေတ်မီတိုးတက်ရေးကို အားပေးပါတယ်။ ၎င်းသည် မဆုတ်မနစ် ကြိုးပမ်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အမြင်ကျယ်မှုတို့ရဲ့ ရလဒ်ဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ Rathendra Raman က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်က နှစ် ၃၀ ကာလအတွက် လက်မှတ်ရေးထိုးခဲ့သော စီမံကိန်းအတွက် လုပ်ပိုင်ခွင့်ဆိုင်ရာသဘောတူညီချက် (The concession agreement) သည် ကုန်းလမ်း၊ ရထားလမ်းနှင့် ပြည်တွင်းရေကြောင်းလမ်းတို့သို့ ပေါင်းစပ်ချိတ်ဆက်မှုဖြင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

SMPK က ကော်လ်ကတ္တားနှင့် Haldia Docks များတွင် လာမည့်နှစ်အတွင်း လုပ်ငန်းစတင်ရန် စီစဉ်ထားသည့် ရူပီး ၄,၀၀၀ ကုဋေကျော် တန်ဖိုးရှိ PPP စီမံကိန်းများသည် ယခုအခါ လမ်းကြောင်းပေါ်တွင် ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ ကော်လ်ကတ္တားဆိပ်ကမ်းသည် ကုလားတန်ဘက်စုံပို့ဆောင်ရေးစီမံကိန်းတွင် အဓိကကျသော ဆိပ်ကမ်းတစ်ခုဖြစ်ပါသဖြင့် အဆိုပါ ဆိပ်ကမ်း၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: Infra-Economic Times, Kolkata Port inaugurates first PPP terminal at Khidderpore Docks, Aug 17, 2025.

## အိန္ဒိယသည် အမေရိကန်၏ မြင့်မားသောအခွန်စည်းကြပ်မှုများကို တုံ့ပြန်ရာတွင် ခက်ခဲသောရွေးချယ်မှုများနှင့် ရင်ဆိုင်နေရ

အိန္ဒိယသည် အမေရိကန်၏ မြင့်မားသောသွင်းကုန်အခွန်နှုန်းများကို ညှိနှိုင်းခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်း သို့မဟုတ် တင်ပို့ရောင်းချမှုဈေးကွက်များ ကွဲပြားစေခြင်း သို့မဟုတ် ရုရှားရေနံတင်သွင်းမှုအဆုံးသတ်ခြင်းကဲ့သို့သော ကုန်သွယ်မှုဆိုင်ရာ လိုက်လျောမှုများပေးဆောင်ခြင်း စသည့် ခက်ခဲသောရွေးချယ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ရွေးချယ်မှုတစ်ခုစီသည် ၎င်း၏ ကိုယ်ပိုင်အကျိုးအမြတ်များနှင့် ဘေးအန္တရာယ်များကိုရောနှောနေသည်ဟု Think Tank အဖွဲ့အစည်းတစ်ခုဖြစ်သည့် GTRI က သောကြာနေ့တွင် ပြောကြားခဲ့သည်။

Trump အစိုးရမှ အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းအများစုအပေါ် လက်ရှိ MFN အကောက်ခွန်နှုန်းထားများထက်ကျော်လွန်ပြီး အကောက်ခွန် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန် ဆုံးဖြတ်လိုက်ခြင်းသည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး၊ စွမ်းအင်နှင့် သံတမန်ရေးရာ အနေအထားတို့ကို ပြန်လည်ပုံဖော်နိုင်သည့် မဟာဗျူဟာမြောက် အကျပ်အတည်းတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

အကောက်ခွန်နှုန်း မြင့်မားမှုများကိုခံနိုင်ရည်ရှိစေရန်နှင့် နိုင်ငံ၏ပို့ကုန်များကို ဥရောပ၊ အာဆီယံ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကသို့ ဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် အိန္ဒိယသည် ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် တက်ကြွသော ကုန်သွယ်ရေးသံတမန်နည်းလမ်းများလိုအပ်မည်ဖြစ်ကြောင်း၊ ပထမနှစ်နှစ်အတွင်း ဈေးကွက်၌ ဆုံးရှုံးသွားမည့် ဒေါ်လာဘီလီယံ ၅၀ မှ ၁၀ သို့မဟုတ် ၁၅ ဘီလီယံသာ ပြန်ရနိုင်သည် GTRI ၏ ဥက္ကဋ္ဌဖြစ်သူ Ajay Srivastava က ပြောကြားခဲ့သည်။

အကယ်၍ အမေရိကန်၏ အခွန်စည်းကြပ်မှုများကြောင့် အမေရိကတွင် စားသုံးသူဈေးနှုန်းများနှင့် အလုပ်လက်မဲ့ပြဿနာများမြင့်တက်လာမည်ဆိုပါက၊ ထရမ့်အစိုးရအပေါ် ပြည်တွင်းနိုင်ငံရေးအရ ဖိအားများဖြစ်လာနိုင်ပြီး နိုင်ငံအားလုံးအတွက် အခွန် ၁၅ ရာခိုင်နှုန်းအထိ ဖြတ်တောက်ပေးရန် တွန်းအားပေးလာနိုင်ကြောင်း၊ ယခုအချိန်တွင် အိန္ဒိယ၏ အကောင်းဆုံးအခန်းကဏ္ဍမှာ အမေရိကန်မဲဆန္ဒရှင်များအား အခွန်ကောက်ခံမှု၏အကျိုးသက်ရောက်မှု ဆိုးကျိုးများကို တိတ်တဆိတ်မီးမောင်းထိုးပြရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

စီးပွားရေးအား လက်နက်အဖြစ်အသုံးပြုသည့်ခေတ်တွင် ရှင်သန်ခြင်းသည် ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်ရှားခြင်းမဟုတ်ကြောင်း၊ မှန်ကန်သည့်တိုက်ပွဲများအား ရွေးချယ်ရန်နှင့် နောင်လာမည့်လှုပ်ရှားမှုကိုကြိုတင်ခန့်မှန်းပြီး ရေရှည်တွင်အနိုင်ရရှိရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: India facing tough choices in responding to steep US tariffs, GTRI, The Economic Times, August 15, 2025.

.........................................................................................................

Agribusiness & Trade